၂၀၁၃ ဇန်နဝါရီ မြန်မာနိုင်ငံ

အကျဉ်းချုပ်

# မြန်မာနိုင်ငံ

နိုင်ငံရေးပြုပြင်ပြောင်းလဲမှုအတွက် မှတ်သားဖွယ်ကောင်းလောက်သော လုပ်ဆောင်မှုတွေ လုပ်ခဲ့သော်လည်း ၂၀၁၂ မြန်မာနိုင်ငံ၏ လူ့အခွင့်အရေးအခြေအနေသည် ဆက်ပြီး ဆိုးရွားနေသေးသည်။ ဧပြီလတွင် အတိုက်အခံခေါင်းဆောင် အောင်ဆန်းစုကြည်နှင့် သူ့၏ အမျိုးသားဒီမိုကရေစီပါတီသည် လွှတ်တော်ဆိုင်ရာ ကြားဖြတ်ရွေးကောက်ပွဲတွင် ၄၄ နေရာ အတွက် ယှဉ်ပြိုင်ရာ၌ ၄၃ နေရာ အနိုင်ရရှိခဲ့သည်။ အထက်လွှတ်တော်တွင် ၂၂၄ နေရာရှိပြီး အောက်လွှတ်တော်တွင် နေရာ ၄၄၀ ဖြင့် ဖွဲ့စည်းထားသော လွှတ်တော်နေရာအများစုသည် တပ်မတော်ကိုယ်စားလှယ်များ သို့မဟုတ် တပ်မတော်အရာရှိဟောင်းများ၏ ထိန်းချုပ်မှုအောက်တွင် ရှိနေသည်။

ရာပေါင်းများစွာသော နိုင်ငံရေးအကျဉ်းသားများ အကျဉ်းထောင်များအတွင်း ဆက်ရှိနေသေးကြောင်း ယုံကြည်ရသော်လည်း သမ္မတသိန်းစိန်သည် ယခုနှစ်အတွင်း ပြည်ပရောက်အတိုက်အခံများအား ပြန်လာရန်ကြိုဆိုခဲ့ခြင်း၊ နိုင်ငံရေးအကျဉ်းသား ၄၀၀ နီးပါးကို အကျဉ်းသားလွတ်ငြိမ်းချမ်းသာခွင့် ငါးကြိမ်ဖြင့် လွှတ်ပေးခြင်းများ ပြုလုပ်ခဲ့သည်။ လွတ်သွားသော နိုင်ငံရေးအကျဉ်းသားများသည် ပညာရေးနှင့် ခရီးသွားလာခွင့် ပိတ်ပင်ခံရခြင်းအပါအဝင် မတရားနှောင့်ယှက်ခံရခြင်း၊ လူမှုစိတ်ပိုင်းဆိုင်ရာပံ့ပိုးကူညီမှု လုံလောက်စွာမရရှိခြင်း စသည့် အခြေအနေများနဲ့ ရင်ဆိုင်ရသည်။ စက်တင်ဘာလတွင် ရန်ကုန်၌ ငြိမ်းချမ်းစွာဆန္ဒပြသော လူပ်ရှားတက်ကြွသူများသည် ပြစ်မှုများဖြင့် တရားစွဲဆိုခံထားရသည်။ ၂၀၁၂ ဩဂုတ်လတွင် အစိုးရက စာနယ်ဇင်းများအပေါ် မထုတ်ဝေခင်က ကြိုတင်စိစစ်သည့် ဆင်ဆာစနစ်ကို ဖျက်သိမ်းလိုက်ပြီး၊ အခြားစာနယ်ဇင်းဆိုင်ရာ ကန့်သတ်မှုများ လျှော့ပေါ့ပေးခဲ့သည်။ သို့သော် စာနယ်ဇင်းသမားများအပေါ် ကန့်သတ်သောလမ်းညွှန်ချက်များနှင့် အတိုက်အခံပြုသူများကို အကျဉ်းချရန်နှင့် လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်ကဲ့သို့သော အခြားအခွင့်အရေးများကို ချုပ်ချယ်ရန် ယခင် ကာလက အစဉ်အဆက် အသုံးပြုလာခဲ့သော အခြားဥပဒေများ ထားရှိဆဲဖြစ်သည်။

မြန်မာပြည်မြောက်ပိုင်း ကချင်ပြည်နယ်တွင် အစိုးရနှင့် ကချင်လွတ်မြောက်ရေးတပ်မတော်ကြား (ကေအိုင်အေ) လက်နက်ကိုင်ပဋိပက္ခဆက်လက်ဖြစ်ပွားနေခြင်းကြောင့် သောင်းနဲ့ချီသော အရပ်သား

များက အိုးအိမ်နေရာမဲ့သူများ ဖြစ်နေကြရသည်။ ကေအိုင်အေနယ်မြေရှိ ကချင်လူမျိုး အိုးအိမ်နေရာမဲ့သူများအတွက် လူသားချင်းစာနာမှုအထောက်အပံ့များ မရရှိစေရန် အစိုးရက ထိထိရောက်ရောက် တားဆီးမှုများ ပြုလုပ်ထားသည်။ ပဋိပက္ခဖြစ်ပွားရာ ကချင်နှင့် ရှမ်းပြည်နယ်များတွင် မြန်မာစစ်တပ်က တရားဥပဒေပြင်ပမှ သတ်ဖြတ်မှု၊ လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှု၊ နှိပ်စက်ညှဉ်းပမ်းမှု၊ အဓမ္မလုပ်အားခိုင်းစေမှုနှင့် အရပ်သား ရှိရာနေရာများအား ရည်ရွယ်ချက်ရှိရှိ တိုက်ခိုက်မှုများကို အရေးယူခံရခြင်းမရှိဘဲ ဆက်လက်ကျူးလွန်နေသည်။ မြန်မာပြည်အရှေ့ပိုင်း တိုင်းရင်းသား ပဋိပက္ခဖြစ်ရာဒေသများမှ အပစ် အခတ်ရပ်စဲရေး သဘောတူညီချက်များသည် လက်တွေ့ခိုင်မာမှုမရှိပါ။

ဇွန်လ ၂၀၁၂ တွင် ခန့်မှန်းခြေ တစ်သန်းခန့်ရှိပြီး ကာလကြာမြင့်စွာ ဖိနှိပ်ညှဉ်းပမ်းခံလာခဲ့ရ သော နိုင်ငံမဲ့မွတ်ဆလင်ဘာသာဝင် ရိုဟင်ဂျာလူနည်းစုများနှင့် ဗုဒ္ဓဘာသာရခိုင်လူမျိုးစုများကြား အသေအကြေဖြစ်သည့် ဘာသာရေးအဓိကရုဏ်း ရုတ်တရက် ဖြစ်ပွားခဲ့သည်။ နိုင်ငံတော်လုံခြုံရေးတပ်များက အုပ်စုနှစ်ဖက်စလုံးကို ကာကွယ်ရန်ပျက်ကွက်ခဲ့ပြီး လူဦးရေ ၁၀၀၀၀၀ ခန့် အိုးအိမ်စွန့်ကာ ထွက်ပြေးတိမ်းရှောင်သူများ ဖြစ်ခဲ့ကြရသည်။ ထို့နောက် ရိုဟင်ဂျာများကို ပစ်မှတ်ထားသည့် သတ်ဖြတ်မှုများ အရှိန်မြှင့်လာပြီး၊ ရိုက်နှက်ခြင်း၊ အစုလိုက်အပြုံလိုက် ဖမ်းဆီးခြင်းများနှင့်အတူ တချိန်တည်းတွင် ရခိုင်ပြည်နယ်မြို့တော် စစ်တွေတစ်ဝိုက်ရှိ ရိုဟင်ဂျာ အိုးအိမ်မဲ့စွန့်ခွာရသူများ၏ ဒုက္ခသည်စခန်းများနှင့် ရိုဟင်ဂျာများရှိရာဒေသများသို့ လူသားချင်းစာနာမှုဆိုင်ရာ အကူအညီမရောက်အောင်တားဆီးမှုများ ပြုလုပ်ခဲ့ကြသည်။ ဇွန်လတွင် အကြမ်းဖက်မှုမရှိသော မြို့နယ်များအပါအဝင် ရခိုင်ပြည်နယ်ရှိ ၁၇ မြို့နယ်ထဲက ၉ မြို့နယ်တွင် အောက်တိုဘာလတွင်း တစ်ကျော့ပြန် ဘာသာရေးအဓိကရုဏ်းဖြစ်ပွားခဲ့ပြီး အရေအတွက် မသိနိုင်သောသေဆုံးမှုများနှင့် ဒဏ်ရာရမှုများ ရှိခဲ့သည်။ မွတ်ဆလင်ရွာများအားလုံ ရှင်းလင်းဖျက်ဆီးခံရပြီး နောက်ထပ် လူဦးရေ ၃၅၀၀၀ အိုးအိမ်နေရာမဲ့ ဖြစ်ခဲ့ကြရပြန် သည်။ အိုးအိမ်နေရာမဲ့ ဖြစ်ခဲ့ကြသူအများစုသည် စစ်တွေမြို့အနီးတစ်ဝိုက်သို့ ထွက်ပြေးကြပြီး ထိုနေရာတွင် ပြည်နယ်လုံခြုံရေးတပ်သားများ၏ ရိုက်နှက်ခြင်းကဲ့သို့သော ညှဉ်းပမ်းမှုများ ခံကြရသည်။

ဆိုးရွားပြင်းထန်သော ညှဉ်းပမ်းမှုများ ဖြစ်နေသော်လည်း (အမေရိကန်နှင့် ယူကေ နိုင်ငံအပါအဝင်) ပြည်ပအစိုးရများသည် နိုင်ငံရေးပြုပြင်ပြောင်းလဲမှုအပေါ် ယခင်မထားရှိခဲ့ဖူးသော အပြုသဘော အမြင်များထုတ်ဖော်ကြပြီး မြန်မာပြည်အပေါ်ချမှတ်ထားသည့် ပိတ်ဆို့မှုများကို လျှော့ပေါ့ခြင်း၊ ရုပ်သိမ်းပေးခြင်းများ လုပ်ခဲ့ကြသည်။ တစ်ချိန်တည်းတွင် အကြမ်းဖက်မှုနှင့် ညှဉ်းပမ်းမှုများကိုလဲ ရှုံ့ချကြသည်။

## အကန့်အသတ်ဖြင့် နိုင်ငံရေးပြောင်းလဲမှုနှင့် ဖြစ်ပွားနေဆဲ ညှဉ်းပမ်းမှုများ

စစ်အုပ်ချုပ်မှု တရားဝင်အဆုံးသတ်ချိန်မှစ၍ ၂၀၁၂ ခုနှစ်တွင် မြန်မာနိုင်ငံ၏ အမျိုးသားလွှတ်တော်၊ ဒေသဆိုင်ရာနှင့် ပြည်နယ်လွှတ်တော် ၁၄ ခုသည် ၎င်းတို့၏ လုပ်ငန်းများကို ပထမတစ်နှစ်အပြည့် လုပ်ဆောင်ခဲ့ ပြီးဖြစ်သည်။ စစ်ဗိုလ်ချုပ်ဟောင်းများသည် အမြင့်ဆုံးဝန်ကြီးဌာနဆိုင်ရာ ရာထူးများ ရယူထားပြီး လက်ရှိ တာဝန်ထမ်းဆောင်ဆဲ ဗိုလ်ချုပ်များအတွက် ကာကွယ်ရေး၊ ပြည်ထဲရေးနှင့် နယ်စပ်လုံခြုံရေး ဆိုင်ရာ ဝန်ကြီးဌာန ရာထူးများရယူရန် ဖွဲ့စည်းပုံအခြေခံဥပဒေက အာမခံချက် ပေးထားသည်။ စစ်တပ်က ကျောထောက်နောက်ခံပေးထားသည့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ၏ အရေး ပါသော ရာထူးများကို စစ်ဘက်ဆိုင်ရာ အရာရှိဟောင်းများက ရယူထားသည်။

၂၀၁၂ အတွင်း ပြဋ္ဌာန်းလိုက်သော မြေယာအသုံးပြုမှု ဥပဒေနှစ်ရပ်သည် လယ်သမားများကို ထိထိ ရောက်ရောက် ကာကွယ်ပေးနိုင်ခြင်း မရှိပါ။ အနောက်နိုင်ငံအစိုးရများက ပြုပြင်ပြောင်းလဲမှု တစ်ခု အဖြစ် ချီးမွမ်းခေါ်ဆို၍ ဒီဇင်ဘာလ ၂၀၁၁ တွင် လက်မှတ်ထိုးပြဋ္ဌာန်းခဲ့သော ငြိမ်းချမ်းစွာစုဝေးခွင့် ဥပဒေသစ်သည် နိုင်ငံတကာစံနှုန်းနှင့် ကိုက်ညီမှုမရှိဘဲ ခွင့်ပြုချက်ရယူရန် ပျက်ကွက်ပါက ထောင်ချ နိုင်သည့်အချက်နှင့် ဆန္ဒပြကြွေးကြော်သံစသားများအတွက် ကြိုတင်ခွင့်ပြုချက်ရယူရန် လိုအပ် ကြောင်း ပြဋ္ဌာန်းချက်များ ပါဝင်သည်။

ကချင်ပြည်နယ်တွင်းဖြစ်ပွားနေသော လက်နက်ကိုင်ပဋိပက္ခကို ဆန့်ကျင်သည့် ဆန္ဒပြပွဲကို ခွင့်ပြု ချက်မရယူဘဲ စက်တင်ဘာလတွင် ပြုလုပ်ခဲ့ခြင်းကြောင့် ရန်ကုန်က လှုပ်ရှားတက်ကြွသူ ဆယ့်သုံး ယောက် တရားစွဲဆိုခြင်းခံခဲ့ရသည်။ ငြိမ်းချမ်းစွာလှုပ်ရှားတက်ကြွသူများ၊ ရှေ့နေများနှင့် စာနယ် ဇင်းသမားများကိုထောင်ချရန် အသုံးပြုသည့် မတရားအသင်းဆက်သွယ်မှု ဥပဒေ၊ အီလက်ထရောနစ် ဥပဒေ၊ နိုင်ငံတော်ကာကွယ်ရေး ဥပဒေနှင့် အရေးပေါ်ပြဋ္ဌာန်းချက် ဥပဒေများ အပါအဝင် အခြားသော ဥပဒေများသည် စာအုပ်များတွင် ရှိနေဆဲဖြစ်သည်။

၂၀၁၂ အတွင်း မီဒီယာလွတ်လပ်ခွင့် တိုးမြင့်လာသော်လည်း ကန့်သတ်မှုမြင့်မားနေသေးသည်။ နှစ်ပေါင်း ၅၀ နီးပါးကြာ တည်ရှိခဲ့သော မထုတ်ဝေခင်ကြိုတင်စိစစ်သည့် ဆင်ဆာစနစ်ကို အစိုးရက ဩဂုတ်လတွင် ဖျက်သိမ်းလိုက်သည်။ သို့သော် အစိုးရကို ဝေဖန်သည့်ဆောင်းပါး သို့မဟုတ် အဂတိ လိုက်စားမှု၊ တရားမဝင်မူးယစ်ဆေးဝါး၊ အဓမ္မလုပ်အားပေးခိုင်းစေမှုနှင့် ကလေးစစ်သားဆိုင်ရာ ကိစ္စရပ်များနှင့် ဆိုင်သော ဆောင်းပါးများ ထုတ်ဝေခြင်းကို ထိန်းချုပ်ရန် ၁၆ ချက်ပါ လမ်းညွှန်ချက်ကို ဆက်လက် ထားရှိသည်။ အယ်ဒီတာများသည် ဖမ်းဆီးခံရမည်စိုးသောကြောင့် မိမိကိုယ်ကို စိစစ်၍

ဆင်ဆာဖြတ် ခြင်း ပြုလုပ်ကြပြီး အစိုးရ၏ ညှဉ်းပမ်းမှု အကြောင်းအရာများကို ရေးသားဖြန့်ချိရန် တုံ့ဆိုင်းနေကြသည်။

၂၀၁၁ စက်တင်ဘာတွင် ဖွဲ့စည်းခဲ့သော အမျိုးသားလူ့အခွင့်အရေးကော်မရှင်သည် ၂၀၁၂ တွင်လည်း စိတ်ပျက်ဖွယ်ရာအဖြစ် ဆက်ရှိနေသည်။ အုပ်ချုပ်ရေးအာဏာဖြင့် ဖွဲ့စည်းထားသော ယင်းကော်မရှင်သည် အစိုးရ၏လွှမ်းမိုးမှု မကင်းပါ။ အမျိုးသားလူ့အခွင့်အရေးကော်မရှင်များ လုပ်ငန်းလုပ်ဆောင်ရန်အတွက် ကုလသမဂ္ဂမှ သတ်မှတ်ထားသော အနိမ့်ဆုံးစံနှုန်းများဖြစ်သည့် ပဲရစ်စံနှုန်းများနှင့် ဆန့်ကျင်ဘက်ဖြစ်နေသည်။ မြန်မာနိုင်ငံကော်မရှင်၏ ကချင်ပြည် နယ်နှင့် ရခိုင်ပြည်နယ်ဆိုင်ရာ ထွက်ဆိုချက်များတွင် နိုင်ငံတော်လုံခြုံရေးတပ်သားများ၏ ညှဉ်းပမ်းမှုများ သို့မဟုတ် သောင်းနှင့်ချီသော ပြည်တွင်းအိုးအိမ်နေရာစွန့်ခွာသူ (IDPs) များအား လူသားချင်းစာနာမှု ဆိုင်ရာအကူအညီ ပေးမှုကို အစိုးရက ကန့်သတ်ချုပ်ချယ်သည့် အကြောင်းများကို ဖော်ပြထားခြင်း မရှိပါ။

၁၉၈၉ ခုနှစ်မှ စတင်၍ စုစုပေါင်း ၁၅ နှစ် နေအိမ်အကျယ်ချုပ်ချခံရခြင်းနှင့် ခရီးသွားလာခွင့် ပိတ်ပင် ခံရပြီးနောက် ဒေါ်အောင်ဆန်းစုကြည်သည် ပြည်တွင်းနှင့် ပြည်ပသို့ ခရီးသွားလာခွင့် ပြန်လည် ရရှိလာကာ သူ့ကို ၁၉၉၁ခုနှစ်တွင်ပေးအပ်ခဲ့သော နိုဘယ်ငြိမ်းချမ်းရေးဆုကို အော်စလိုမြို့တွင် သွားယူနိုင်ခဲ့ပြီး ဇွန်လတွင် ဥရောပနိုင်ငံများသို့ ခရီးထွက်ခဲ့သည်။ စက်တင်ဘာလတွင် အမေရိကန်နိုင်ငံသို့ သွားခဲ့ပြီး ဒီမိုကရေစီနှင့် လူ့အခွင့်အရေးရရှိရန် အကြမ်းမဖက်နည်းဖြင့် ရုန်းကန်ကြိုးစားမှုအတွက် သူ နေအိမ် အကျယ်ချုပ်ကျနေစဉ် ၂၀၀၈ တွင် ချီးမြှင့်ခဲ့သည့် ကွန်ဂရက်(စ်)ဆိုင်ရာ ရွှေတံဆိပ်ဆု သွားယူခဲ့သည်။

သို့သော် အခြားနိုင်ငံရေး အကျဉ်းသားဟောင်းများက ပညာရေးနှင့် ခရီးသွားလာခွင့်ဆိုင်ရာ ကန့်သတ်ချုပ်ချယ်မှုအပြင် နှောင့်ယှက်ညှဉ်းပမ်းမှုများ ဆက်၍ခံနေကြရသည်။ ပြည်ထဲရေး ဝန်ကြီးဌာနက ဒီမိုကရေစီနှင့် လူ့အခွင့်အရေးအတွက် တက်ကြွလှုပ်ရှားသူများ၊ လူထု အကျိုးစီးပွားရေးနေများ၊ စာနယ်ဇင်းသမားများအပါအဝင် နိုင်ငံရေး အကျဉ်းသားဟောင်းများကို နိုင်ငံကူးလက်မှတ်ထုတ်ပေးရန် ငြင်းဆန်ပြီး နိုင်ငံခြားသို့ ခရီးသွားလာခွင့် ပိတ်ပင်ခဲ့သည်။

၂၀၁၂ တွင် လွှတ်တော်က မြေသိမ်းပိုက်မှု စုံစမ်းရေးကော်မရှင် ဖွဲ့ခဲ့သော်လည်း နိုင်ငံတစ်ဝန်းလုံးတွင် မြေသိမ်းမှုများ ဆက်လက်ဖြစ်ပွားနေသည်။ အစိုးရနှင့် ပုဂ္ဂလိကအကျိုးစီးပွားအတွက် လယ်သမား များက သူတို့ပိုင်မြေများ ဆုံးရှုံးခံကြရပြီး တစ်ချို့အခြေအနေတွင် သူတို့ပိုင်မြေပေါ်တွင် နေ့စား အလုပ်သမားများအဖြစ် အတင်းအဓမ္မပြန်လည် ခိုင်းစေခံကြရသည်။ ယခင်စစ်အာဏာရှင် လက်

အောက်တွင်း ဖြစ်ပွားခဲ့သောမြေသိမ်းမှုနှင့် ဆိုင်သည့် အငြင်းပွားမှုအများစုလည်း ဖြေရှင်းနိုင်ခြင်း မရှိသေးပေ။

၂၀၁၅ တွင် အတင်းအဓမ္မ လုပ်အားပေးခိုင်းစေမှုအဆုံးသတ်ရန် အစိုးရက ကတိပြုထား၍ နိုင်ငံတကာ အလုပ်သမားအဖွဲ့အစည်း(အိုင်အယ်လ်အို)နှင့် ရယူခဲ့သော သဘောတူညီချက်နှင့်အညီ လုပ်ဆောင်ရမည့် အစီအစဉ်များ ချမှတ်ထားသော်လည်း နိုင်ငံ၏ဒေသအတော်များများတွင် အတင်းအဓမ္မလုပ်အားပေးခိုင်းစေမှုများ ဆက်ရှိနေသေးသည်။ တပ်မတော်က ကလေးစစ်သား ထပ်မံစုဆောင်းခြင်း ရပ်တန့်ရန်နှင့် ၁၈ လအတွင်း ရှိပြီးသားကလေးစစ်သားများကို တပ်တွင်းမှပြန်လွှတ်ပေးရန်၊ သူတို့ အသိုင်းအဝိုင်းသို့ပြန်နိုင်ရန် လုပ်ဆောင်ရမည့် အစီအစဉ်များအတွက် ဖွန်လတွင် ကုလသမဂ္ဂနှင့် သဘောတူလက်မှတ်ထိုးခဲ့သော်လည်း တပ်မတော်တွင်း ကလေးစစ်သားများ ရှိနေဆဲဖြစ်သည်။ အစိုးရမဟုတ်သည့် အမျိုးမျိုးသောလက်နက်ကိုင်အဖွဲ့များကြားတွင်လည်း ကလေးစစ်သားအသုံးပြုခြင်းနှင့် စုဆောင်းခြင်းများပြုလုပ်ပြီး ယူအန်အဖွဲ့အစည်းများက အစိုးရမဟုတ်သည့် လက်နက်ကိုင် အဖွဲ့များ ထိန်းချုပ်ရာနယ်မြေသို့ သွားရောက်ကာ ကလေးစစ်သားများကို တပ်တွင်းမှ ပြန်လွှတ်ရန်နှင့် သူတို့အသိုင်းအဝိုင်းတွင်းသို့ ပြန်လည်အခြေချနိုင်မည့်ကိစ္စဆောင်ရွက်ရန် သွားရောက်ခြင်းကို အစိုးရက ဆက်လက်တားမြစ် ထားသည်။

## လူမျိုးစု ပဋိပက္ခနှင့် အိုးအိမ်မဲ့ဖြစ်ရခြင်း

ခိုင်မာမှုမရှိသော အပစ်အခတ်ရပ်စဲရေးအတွက် ဆွေးနွေးညှိနှိုင်းမှု ဆက်လက်ပြုလုပ်နေခြင်းကြောင့် မြန်မာပြည် အရှေ့ပိုင်းတွင် အစိုးရစစ်တပ်များနှင့် လူမျိုးစုလက်နက်ကိုင်အဖွဲ့များကြား တိုက်ခိုက်မှု လျော့နည်း သွားခဲ့သည်။ သို့သော် မြန်မာပြည်မြောက်ပိုင်းတွင် မြန်မာလက်နက်ကိုင် တပ်ဖွဲ့များနှင့် ကချင်လွတ် မြောက်ရေးတပ်မတော်(ကေအိုင်အေ) အကြား တိုက်ခိုက်မှု ဆက်ရှိနေသည်။

မြန်မာတပ်မတော်သည် တရားဥပဒေမဲ့သတ်ဖြတ်ခြင်း၊ အရပ်သားများအား တိုက်ခိုက်ခြင်း၊ အတင်းအဓမ္မခိုင်းစေခြင်း၊ နှိပ်စက်ခြင်း၊ အကြမ်းဖက်နည်းဖြင့် လူထု၏ပစ္စည်းများခိုးယူ၊ လုယက်ခြင်းနှင့် လူသေစေနိုင်သည့် မြေမြှုပ်မိုင်းအသုံးပြုခြင်းများ ဆက်လက်ပြုလုပ်နေသည်။ အမျိုးသမီးနှင့် မိန်းကလေးငယ်များအား လိင်ပိုင်းဆိုင်ရာအရ အကြမ်းဖက်ကျူးလွန်မှုများ ဆိုးဆိုးရွားရွား ဆက်ဖြစ်ပွားနေပြီး ကျူးလွန်သူများကို တရားဥပဒေရှေ့မှောက်တွင် ဖြေရှင်းသည့်ကိစ္စ အနည်းငယ်သာရှိသည်။ ကေအိုင်အေနှင့် အခြားသော လူမျိုးစုလက်နက်ကိုင်တပ်ဖွဲ့များတွင်လည်း ကလေးစစ်သား အသုံးပြုခြင်းနှင့် လူသေစေနိုင်သည့် မြေမြှုပ်မိုင်းအသုံးပြုခြင်းကဲ့သို့သော ကျူးလွန်မှုများရှိသည်။

၂၀၁၂ တွင် ကချင်ရှာပုန်းရှာရှောင် အရေအတွက် ၉၀၀၀၀ ထိမြင့်တက်သွားပြီး နိုင်ငံတကာ အဖွဲ့အစည်းများနှင့် ကုလသမဂ္ဂအဖွဲ့အစည်းများ ကေအိုင်အေ ထိန်းချုပ်နယ်မြေရှိ ရှာပုန်းရှာရှောင် စခန်းများသို့ လူသားချင်းစာနာမှုအကူအညီပေးရန် သွားရောက်ခြင်းကို အစိုးရက ဆက်ပြီး ပိတ်ပင်ထားဆဲ ဖြစ်သည်။ အကြမ်းဖက်မှုနှင့် ညှဉ်းပမ်းမှုများမှ လွတ်မြောက်ရန် တရုတ်နိုင်ငံသို့ တိမ်းရှောင်လာသော ကချင်လူမျိုးများသည် တရုတ်အစိုးရ၏ငြင်းဆန်ခြင်းခံကြရသည်။ တရုတ်နိုင်ငံ အနောက်တောင်ရှိ ယူနန်ပြည်နယ်တွင် ယာယီရောက်ရှိနေသော ကချင်ဒုက္ခသည်များသည် လုံလောက်သော အထောက်အပံ့နှင့် အကာအကွယ် မရရှိပါ။ ဩဂုတ်လတွင် တရုတ်နိုင်ငံက ကချင်ဒုက္ခသည် ၄၀၀၀ ကျော်ကို မြန်မာပြည်မြောက်ပိုင်း ပဋိပက္ခဖြစ်ပွားရာနယ်မြေများသို့ ပြန်လည်နှင်ထုတ်ခဲ့သည်။

မြန်မာပြည်အရှေ့ပိုင်းတွင် နှစ်ပေါင်းဆယ်စုနှစ်နဲ့ချီဖြစ်ပွားသော ပဋိပက္ခကြောင့် ဒုက္ခသည် ၄၀၀၀၀၀ အပါအဝင် မြန်မာပြည်တွင် ရှာပုန်းရှာရှောင်အရေအတွက် ၅၅၀၀၀၀ ကျော် ကျန်ရှိနေသေးသည်။ ထို့ပြင် ထိုင်းနိုင်ငံတွင် ဒုက္ခသည် ၁၄၀၀၀၀ သည် ဒုက္ခသည်စခန်းများတွင်ရှိနေပြီး သန်းနဲ့ချီသော ရွှေ့ပြောင်းအလုပ်သမားများနှင့် တရားဝင်အသိအမှတ်ပြု မခံထားရသော ခိုလှုံခွင့်လျှောက်ထားသူများ သည် မပြည့်စုံဘဲ သင့်သလိုချမှတ်လုပ်ဆောင်လေ့ရှိသော ထိုင်းအစိုးရ၏ မူဝါဒများကြောင့် ဒုက္ခသည်များ ခေါင်းပုံဖြတ်ခံရခြင်းနှင့် မလိုလားအပ်ဘဲ ထိန်းသိမ်းခံရခြင်းအပြင် မြန်မာပြည်သို့ ပို့ဆောင်ခြင်းများ ခံကြ ရသည်။

ရိုဟင်ဂျာ လူမျိုး ၃၀၀၀၀ သည် ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင်းရှိ တရားဝင်ဒုက္ခသည်စခန်းတစ်ခုတွင် နေနေ ကြပြီး နောက်ထပ် ၂၀၀၀၀၀ သည် အရေးပေါ်ယာယီရွက်ဖျင်တဲထိုးစခန်းများနှင့် ထိုနေရာတစ်ဝိုက် တွင်နေထိုင်ကြသည်။ ၂၀၁၂ တွင် ဘင်္ဂလားဒေ့ရှ်အာဏာပိုင်များက နိုင်ငံတကာအကူအညီပေးရေး အဖွဲ့သုံးဖွဲ့ကို ရိုဟင်ဂျာများအပေါ် လူသားချင်းစာနာမှု ကူညီပေးနေသည့် ၎င်းတို့၏ လုပ်ငန်းများ ရပ်တန့် ခိုင်းပြီး ထောင်နဲ့ချီသော ရိုဟင်ဂျာခိုလှုံခွင့်လျှောက်သူများကို မြန်မာပြည်သို့ ပြန်လည် တွန်းပို့ခဲ့ကြသည်။

## ဘာသာရေး အဓိကရုဏ်းနှင့် နောက်ဆက်တွဲ ညှဉ်းပမ်းမှုများ

၂၀၁၂ ခုနှစ် ဇွန်လတွင် မြန်မာပြည် အနောက်ပိုင်း၌ အသေအကြေဖြစ်ပွားခဲ့သော ဘာသာရေး အဓိက ရုဏ်းတွင် လုံခြုံရေးတပ်သားများက ရခိုင်ဗုဒ္ဓဘာသာဝင်များနှင့် ရိုဟင်ဂျာများကို အကာအကွယ်ပေး ရန် ပျက်ကွက်ခဲ့ပြီးနောက် သတ်ဖြတ်ခြင်း၊ မုဒိမ်းကျင့်ခြင်း၊ ရိုဟင်ဂျာ မွတ်ဆလင်များကို အစုလိုက်အပြုံလိုက် ဖမ်းဆီးခြင်းများ ပြုလုပ်ခဲ့သည်။ ကြီးမားကျယ်ပြန့်စွာ ဖြစ်ပွားခဲ့သော ညှဉ်းပမ်းမှုများနှင့် မီးရှို့မှုများကြောင့်  လူဦးရေ ၁၀၀၀၀၀ ကျော် အိုးအိမ်မဲ့နေရာမဲ့သူများ

ဖြစ်ခဲ့ကြရသည်။ ထိုအဓိကရုဏ်း ရှတ် တရက်ဖြစ်ပေါ်စေခဲ့သော အဖြစ်အပျက်အများအပြားထဲမှ တစ်ခုဖြစ်သည့် တောင်ဂုတ်တွင် မွတ်ဆလင် ခရီးသွား ၁၀ ဦးအား သတ်ဖြတ်မှုကို မဟန့်တားနိုင်ခဲ့သည့် အဖြစ်အပျက်အပါအဝင် နိုင်ငံ တော်လုံခြုံရေးတပ်များက အရေးကြီးနေသော အချိန်များတွင် ဘာသာရေးအဓိကရုဏ်းကို ရပ်တန့် သွားအောင် ဝင်ရောက်တားဆီးခြင်း မပြုလုပ်ခဲ့ပါ။ နိုင်ငံပိုင် မီဒီယာတွင် ထိုအဖြစ်အပျက်များကို ရိုဟင်ဂျာမုန်းတီးရေးနှင့် မွတ်ဆလင်မုန်းတီးရေး အဖြစ်အပျက်များအဖြစ် ဖော်ပြခဲ့ကြပြီး နိုင်ငံတစ်ဝန်းရှိ ပုံနှိပ်မီဒီယာ နှင့် အွန်လိုင်းပေါ်တွင် ခွဲခြားဆက်ဆံခြင်းနှင့် မုန်းတီးရေးပြောဆိုမှုမီးပွားကို အရှိန်မြင့်စေခဲ့သည်။

အောက်တိုဘာလနှောင်းပိုင်းတွင် ရခိုင်ပြည်နယ်တွင်းရှိ မြို့နယ် ၁၇ မြို့နယ်အနက်မှ ၉ မြို့နယ်တွင် အကြမ်းဖက်မှုး တစ်ဖန်ဖြစ်ပွားခဲ့ပြီး ရခိုင်များက ရိုဟင်ဂျာများနှင့် အစိုးရကအသိအမှတ်ပြုထားသော တိုင်းရင်းသား ကမန်း မွတ်ဆ လင်လူမျိုးများကို အချက်ကျကျ အကြမ်းဖက်ခြင်းနှင့် မီးရှို့တိုက်ခိုက်ခြင်းများ ပြုလုပ်ခဲ့ကြသည်။ တစ်ချို့နေရာများ တွင် ဒေသခံအရာရှိများနှင့် နိုင်ငံတော် လုံခြုံရေးတပ်သားများ၏ အကူအညီနှင့် တိုက်ရိုက်ပါဝင်မှုဖြင့် အကြမ်းဖက်မှုများကျူးလွန်ခဲ့ကြပြီး သတ်ဖြတ်ခြင်း၊ ရိုက်နက်ခြင်းနှင့် မွတ်ဆလင်ရွာများအား မီးရှို့ခြင်းအပြင် ရိုဟင်ဂျာနှင့် ရိုဟင်ဂျာမဟုတ်သည့် မွတ်ဆလင် နောက်ထပ် ၃၅၀၀၀ ကို အိုးအိမ်နေရာမဲ့သူများ အဖြစ် ထွက်ပြေးတိမ်းရှောင်စေခဲ့သည်။

ရိုဟင်ဂျာအသိုင်းအဝိုင်းသို့ လူသားချင်းစာနာမှုအရ သွားရောက်ခွင့်ကို အစိုးရက ကန့်သတ်ထားခြင်း ကြောင့် ရိုဟင်ဂျာများသည် အစားအစာ၊ ကောင်းမွန်သောခိုလှုံစရာနေရာကင်းမဲ့မှုနှင့် ဆေးဝါးအကူ အညီများ အရေးပေါ်လိုအပ်သည့် အခြေအနေတွင် ဆိုက်ရောက်နေသည်။ အာဏာပိုင်များက အဓိကရုဏ်းမဖြစ်ပွားခင်က ပေးနေသော လူသားချင်းစာနာမှုဆိုင်ရာ ပံ့ပိုးကူညီမှုများကို အချိန် အကန့် အသတ်မဲ့ ရပ်နားလိုက်ခြင်းကြောင့် သာမန်အားဖြင့် အဓိကရုဏ်းနှင့် ညှဉ်းပမ်းမှုဂယက် သက်ရောက်ခံရမည် မဟုတ်သော သိန်းနဲ့ချီသော ရိုဟင်ဂျာများပါ ထိခိုက်ခံစားခဲ့ကြရသည်။

ဒေသခံ လုံခြုံရေးတပ်များက အထူးသဖြင့် ရခိုင်ပြည်နယ်မြောက်ပိုင်းတွင် ရိုဟင်ဂျာအမျိုးသားများနှင့် ယောကျ်ားလေးများ ရာပေါင်းများစွာကို ဖမ်းဆီးပြီး တရားစီရင်ရေးတွင် အခြေခံအခွင့် အရေးဖြစ်သည့် မျှတစွာနှင့် တန်းတူဆက်ဆံ၍ စီရင်ခွင့် မရှိဘဲ အခြားသူများနှင့် ထိတွေ့ဆက်ဆံခွင့်ဖြတ်တောက်၍ ထိန်းသိမ်းထား သည်။ ထိုအစွပ်စွဲခံ၊ အဖမ်းခံရသူများတွင် ကုလသမဂ္ဂနှင့် နိုင်ငံတကာ အန်ဂျီအိုမှ ဝန်ထမ်းများလည်း ပါဝင်သည်။ ဤစာရေးနေချိန်ထိ အများအပြား ထိန်းသိမ်းခံထားရဆဲဖြစ်သည်။

မြန်မာနိုင်ငံတွင် ရိုဟင်ဂျာလူမျိုးအရေအတွက် ခန့်မှန်းခြေ တစ်သန်းရှိပြီး ခွဲခြားဆက်ဆံသည့် နိုင်ငံသားဥပဒေအရ ၁၉၈၂ တွင် သူတို့၏ နိုင်ငံသားဖြစ်ခွင့် ဖယ်ရှားခံကြရသည်။ ထင်ရှားသော ဒီမိုကရေစီအရေးလှုပ်ရှားသူ ခေါင်းဆောင်များပင် ရိုဟင်ဂျာများအပေါ်ထားရှိသော တစ်ဖက်သတ် အမြင်စွဲများကြောင့် ထိုဥပဒေ ကို ရုပ်သိမ်းရန် နိုင်ငံရေးဆန္ဒ မဆိုစလောက်သာရှိကြသည်။ သူတို့၏ လွတ်လပ်စွာလှုပ်ရှားသွားလာ ခွင့်၊ ပညာသင်ခွင့်နှင့် အလုပ်လုပ်ပိုင်ခွင့်ကို အစိုးရက ကာလရှည်ကြာစွာ တားဆီးပိတ်ပင်ခဲ့သည်။

ဇူလိုင်လတွင် သမ္မတသိန်းစိန်က ရိုဟင်ဂျာများကို မြန်မာပြည်မှ နှင်ထုတ်၍ တတိယနိုင်ငံများသို့ ပို့ဆောင်ရန်  သို့မဟုတ် ဒုက္ခသည်များဆိုင်ရာ ကုလသမဂ္ဂမဟာမင်းကြီးရုံး (UNHCR) မှ ကြီးကြပ်သည့် ဒုက္ခသည်စခန်းများတွင် ထားရှိရန် အကြံပြုပြောဆိုခဲ့သည်။ သူက နောက်ပိုင်းတွင် ရခိုင်ပြည်ရှိ အကြမ်းဖက်မှုကို စုံစမ်းစစ်ဆေး ရန်နှင့် အကြံပြုချက်များ ပြုလုပ်ရန် အဖွဲ့ဝင် ၂၇ ဦးပါ ကော်မရှင်ဖွဲ့စည်း၍ တာဝန်ပေးခဲ့သော်လည်း ထို အဖွဲ့တွင် ရိုဟင်ဂျာ ကိုယ်စားလှယ် မထည့်သွင်းထားပါ။

## အဓိက အရေးပါသော နိုင်ငံတကာအဖွဲ့အစည်းများ

၂၀၁၂ တွင် လူ့အခွင့်အရေးချိုးဖောက်မှု သက်သေအထောက်အထားများရှိနေသေးသော်လည်း ပြည်ပအစိုးရများသည် မြန်မာနိုင်ငံ၏ နိုင်ငံရေးပြောင်းလဲမှုများအပေါ် ယခင်မထားရှိခဲ့သော အကောင်းမြင်ဝါဒဖြင့် ထုတ်ဖော် ပြောဆိုခဲ့ကြသည်။ ဧပြီလတွင် ဥရောပသမဂ္ဂက ၎င်း၏ ပိတ်ဆို့မှုအားလုံးကို တစ်နှစ်ရုပ်သိမ်းလိုက်ပြီး ဥရောပကုမ္ပဏီများ ရင်းနှီးမြှုပ်နှံမှု လုပ်နိုင်ရန် ခွင့်ပြုခြင်းနှင့် အယောက် ၅၀၀ အပေါ်ချမှတ်ထားသော ခရီးသွားလာခွင့်၊ နိုင်ငံတွင်းသို့ ဝင်ရောက်ခွင့်ကို ရုပ်သိမ်းခဲ့သည်။ သို့သော် လက်နက်ရောင်းချမှုကို ထိန်းချုပ်ထားဆဲ ဖြစ်သည်။

ဇူလိုင်လတွင် အမေရိကန်ပြည်ထောင်စုက ပိတ်ဆို့မှုများကို လျှော့ပေါ့လိုက်ပြီး အငြင်းပွားစရာဖြစ်ကာ ပွင့်လင်းမြင်သာမှုမရှိသေးသော ရေနံနှင့် ဓာတ်ငွေ့လုပ်ငန်းအပါအဝင် ကဏ္ဍ အားလုံးတွင် အမေရိကန်ကုမ္ပဏီများကို  ရင်းနှီးမြှုပ်နှံခွင့် ပြုလိုက်သည်။ အမေရိကန်အစိုးရက ၂၂ နှစ်အကြာတွင် ၎င်း၏ ပထမဦး ဆုံးသော သံအမတ်ကို ခန့်အပ်ခဲ့ပြီး မြန်မာစစ်တပ်အရာရှိတစ်ချို့နှင့် ၎င်းတို့ထိန်းချုပ်သည့် ကုမ္ပဏီ များအပေါ် ပစ်မှတ်ထားသည့် ပိတ်ဆို့မှုကို ဆက်လက် ထားရှိသည်။

ကုလသမဂ္ဂ၏ မြန်မာပြည်ဆိုင်ရာ အထူးကိုယ်စားလှယ် သောမတ်စ်အိုဂျေ ကွင်တားနားက ဇူလိုင်လ နှောင်းပိုင်းနှင့် ဩဂုတ်လအစောပိုင်းတို့တွင် သူ၏ ခြောက်ကြိမ်မြောက်ခရီးစဉ်အဖြစ် မြန်မာပြည်သို့

ရောက်ရှိလာပြီး ရခိုင်ပြည်နယ်တွင်းမှ စွပ်စွဲထားသော ညှဉ်းပမ်းမှုများအပေါ်စုံစမ်းကြောင်း ထုတ်ဖော်ပြောဆိုခဲ့သည်။ ယုံကြည်လက်ခံ နိုင်သော စုံစမ်းစစ်ဆေးမှုပြုလုပ်ရန်နှင့် ရိုဟင်ဂျာများကို ခွဲခြားဆက်ဆံသည်ဟု ၄င်းကဆိုသော ၁၉၈၂ ခုနှစ် နိုင်ငံသားဥပဒေကို ပြန်လည်သုံးသပ်ရန် တိုက်တွန်းခဲ့သည်။ ကချင်ပြည်နယ်တွင် ဆက်လက်ဖြစ်ပွားနေသော ဖိနှိပ်ညှဉ်းပမ်းမှုများအပေါ် စုံစမ်းကြောင်းနှင့် ကျန်ရှိနေဆဲ နိုင်ငံရေးအကျဉ်းသားများကို လွှတ် ပေးရန်လိုအပ်ကြောင်းကိုလဲ ထုတ်ဖော်ပြောဆိုခဲ့သည်။

ဖြစ်ပေါ်နေသောအပြောင်းအလဲများကို အထောက်အကူပြုရန် ရည်ရွယ်ဟန်ဖြင့် အထင်ကရပုဂ္ဂိုလ်များ၏ မြန်မာနိုင်ငံသို့ လာရောက်လည်ပတ်မှုသည် ၂၀၁၂ တွင် အများအပြားရှိခဲ့ပြီး ၎င်းတို့တွင် နိုဝင်ဘာလတွင်း အမေရိကန်သမ္မတဘာရတ်အိုဘားမား (ပထမဦးဆုံးသော တာဝန်ထမ်းဆောင်ဆဲ အမေရိကန်သမ္မတ)၊ ဧပြီလတွင် ဗြိတိသျှဝန်ကြီးချုပ် ဒေးဗစ်ကင်မရွန်းနှင့် ကုလသမဂ္ဂအထွေထွေ အတွင်းရေးမှူး ဘန်ကီမွန်းတို့ ပါဝင်သည်။ သမ္မတ အိုဘားမားက ရန်ကုန်တက္ကသိုလ်တွင် မိန့်ခွန်း ပြောကြားခဲ့ရာတွင် စိုးရိမ်ဖွယ်လူ့အခွင့်အရေးကိစ္စ၊ လွှတ်တော်တွင်း တပ်မတော်၏အခန်းကဏ္ဍ၊ တိုင်းရင်းသားပဋိပက္ခများ၊ အမျိုးသားပြန်လည်သင့်မြတ်ရေး၊ ရိုဟင်ဂျာမွတ်ဆလင်များအပေါ် ညှဉ်းပမ်းမှု အကြောင်းများကို ပြောဆိုခဲ့သည်။ အခြားသော အထင်ကရပုဂ္ဂိုလ်များ၏ လာရောက် လည်ပတ်မှုများသည် စီးပွားရေးအတွက်ဖြစ်ကြောင်းပို၍ သိသာထင်ရှားပြီး ၎င်းတို့ထဲတွင် မေလ၌ အိန္ဒိယဝန်ကြီးချုပ် မာမိုဟာဆင်း၊ စက်တင်ဘာလတွင် တရုတ်နိုင်ငံ၏ ထိပ်သီးဥပဒေပြုသူနှင့် တရုတ်နိုင်ငံ အမျိုးသားလူထုလွှတ်တော်၏ အမြဲတမ်းကော်မတီ (The Standing Committee of China’s National People’s Congress) ဥက္ကဋ္ဌ ဝူဘန်းဂေါင်တို့ဖြစ်သည်။

မြန်မာပြည်ရှိ ရိုဟင်ဂျာ မွတ်ဆလင်များ၏ ဒုက္ခဆင်းရဲကို စိုးရိမ်ကြောင်း  တူရကီနိုင်ငံ၏ နိုင်ငံခြားရေး ဝန်ကြီးနှင့် အစ္စလမ်ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ (အိုအိုင်စီ) ၏ အဆင့်မြင့်ကိုယ်စားလှယ် အပါအဝင် အခြားသူများက ထုတ်ဖော်ပြောဆိုခဲ့ကြသည်။ အိုအိုင်စီက ရခိုင်ပြည်နယ်တွင် လူသားချင်းစာနာမှု ဆိုင်ရာ အထောက်အပံ့များ ပို့ဆောင်ရန်အတွက် မြန်မာနိုင်ငံတွင် အိုအိုင်စီ ရုံးဖွင့်ရန် မြန်မာအစိုးရနှင့် စက်တင်ဘာလတွင် သဘောတူညီမှုရရှိခဲ့သည်။  သို့သော် ရိုဟင်ဂျာကိစ္စတွင် အိုအိုင်စီ ပါဝင်ပတ် သက်လာမှုကို ဆန့်ကျင်သည့် ရိုဟင်ဂျာဆန့်ကျင် ရေး ဗုဒ္ဓဘာသာဘုန်းကြီးများဦးဆောင်၍ စစ်တွေ၊ မန္တလေးနှင့် ရန်ကုန်မြို့များတွင် ဆန့်ကျင်ဆန္ဒပြပွဲများ ပြုလုပ်ခဲ့ပြီးနောက် သမ္မတသိန်းစိန်က ထိုသဘောတူညီချက်ကို အောက်တိုဘာလတွင် ဖျက်သိမ်းခဲ့သည်။

အရှေ့တောင်အာရှအဖွဲ့ဝင်နိုင်ငံများ (ASEAN) သည် မြန်မာပြည်တွင် ရင်းနှီးမြှုပ်နှံမှုနှင့် ကုန်သွယ်မှုတို့ကို အထူးသဖြင့် ရေအားလျှပ်စစ်နှင့် သဘာဝအရင်းအမြစ်ထုတ်ယူမှု လုပ်ငန်းတွင်

ကြီးမားစွာ ဆက်လက်ပြုလုပ်နေကြသည်။ မြန်မာပြည်သည် ထိုင်းနိုင်ငံသို့ သဘာဝဓာတ်ငွေ့ ရောင်းချမှုမှ နှစ်စဉ် အမေရိကန် ဒေါ်လာ သန်းထောင်ချီရရှိနေသော်လည်း ကျန်းမာရေးနှင့် ပညာရေးကဲ့သို့သော လူမှုဝန်ဆောင်မှု လုပ်ငန်းများအတွက် ငွေကြေးသုံးစွဲမှု အနည်းငယ်သာရှိသည်။ တရုတ်နိုင်ငံ ယူနန်ပြည်နှင့် ရခိုင်ပြည် နယ်ကို ဆက်သွယ်ထားသော ဓာတ်ငွေ့ပိုက်လိုင်း လည်ပတ်နိုင်မည့် ၂၀၁၃ တွင် ဓာတ်ငွေ့မှ ရရှိမည့် ဒေါ်လာငွေပမာဏ သိသိသာသာမြင့်မားလာမည် ဖြစ်သည်။ ရှမ်းပြည်နယ်မြောက်ပိုင်းမှ ဖြတ်သွားမည့် ယင်း စီမံကိန်းဒေသသို့ မြန်မာတပ်မတော်က နယ်မြေလုံခြုံရေးအတွက် ထိုးဝင်လာခြင်းကြောင့် လက်နက်ကိုင် ပဋိပက္ခဖြစ်ပွားလာပြီး နှိပ်စက်ညှဥ်းပန်းမှု၊ အတင်းအဓမ္မခိုင်းစေမှု၊ ထိုဒေသရှိ ကချင်နှင့် ရှမ်းလူမျိုးများအား အဓမ္မ ပြောင်းရွှေ့စေခိုင်းမှုတို့ကြောင့် အိုးအိမ်ရာမဲ့သူများ ဖြစ်စေသည့် ယင်း ပိုက်လိုင်း စီမံကိန်း လုပ်ငန်းကို ဆက်လက်လုပ် ဆောင်နေဆဲဖြစ်သည်။

၂၀၁၂ တွင် ရုရှ၊ တရုတ်နှင့် မြောက်ကိုးရီးယားနိုင်ငံများက မြန်မာနိုင်ငံသို့ လက်နက်များ ဆက်လက် ရောင်းချပေးနေပြီး မြောက်ကိုးရီးယား၏ ရောင်းချမှုက ၂၀၀၆ နှင့် ၂၀၀၉ တွင် ကုလသမဂ္ဂ လုံခြုံရေး ကောင်စီက သဘောတူချမှတ်ခဲ့သော တားမြစ်ချက်ပြစ်ဒဏ်ကို ချိုးဖောက်သည်ဟု စိုးရိမ်မှုများ ရှိနေ သည်။ ဦးသိန်းစိန်က မြောက်ကိုးရီးယားမှ လက်နက်ဝယ်ယူမှုကို ရပ်တန့်မည်ဖြစ်ကြောင်း တောင်ကိုးရီးယားသမ္မတ လီမြောင်ဘတ်ကို မေလတွင် ကတိပြု ပြောဆိုခဲ့သည်။